ဇွန် (၂၉)

## ခလုတ်ဖွင့်ပြီးအသံကိုဖမ်းယူပါ။

**ဘုရား**သခင်သည် တချိန်လုံးအသံလွှင့်နေသော အသံလွှင့်ရုံတစ်ခုနှင့်တူသည်။ ယခုအချိန်သင်၏ ပတ်ဝန်းကျင်ရှိ လေထုတစ်ခုလုံးတွင်ရှိနေသော မမြင်ရသည့် ရေဒီယိုလှိုင်းများကဲ့သို့ပင် ဘုရားသခင်သည်၏ ဝိညာဉ်တော်က အစဉ်အမြဲရှိနေပြီး သင်၏အဆက်အသွယ်ပြုမှုကို စောင့်ဆိုင်းလျက်ရှိနေသည်။ ထိုအချက်ပြခြင်းများကို လက်ခံရယူရန်သင့်အား သင်၏ဖန်ဆင်းရှင်က ပုံစံပြုဖန်တီးခဲ့ရာ ရေဒီယိုတစ်လုံးနှင့် များစွာတူလှပေသည်။ ဘုရားသခင်၏ တန်ခိုးတော်ကအစဉ်သဖြင့် ဖွင့်ထားလျက်ရှိသလို သတင်းစကားကလည်း အစဉ်အမြဲရှိသည်။ သို့သော် ထိုသတင်းစကားကို လက်ခံရရှိအောင် သင့်အနေနှင့် ခလုတ်ဖွင့်ထားပြီး သူ၏အသံလှိုင်းကို ရှာဖွေဖမ်းယူရမည်ဖြစ်သည်။

အသံလွှင့်ရုံ၏ ရှုပ်ထွေးလှသော အစီအစဉ်များနှင့် ကြီးမားလှသောစွမ်းအင်တို့နှင့် နှိုင်းစာလိုက်လျှင် အချက်ပြခြင်းကို ဖမ်းယူနားထောင်သည့် ကိရိယာဖြစ်သော သင့်အနေနှင့် စွမ်းအင်များစွာရှိနေဖို့ မလိုအပ်ပါ။ အခြေခံအစိတ်အပိုင်းများသာ လိုအပ်သည်။ ဆုတောင်းခြင်းသည် မိမိ၌ရှိသောစွမ်းအား အနည်းငယ်လေးအား ခလုတ်ဖွင့်ပေးလိုက်သည့် ယုံကြည်ခြင်း၏လက်ဖြစ်သည်။ ထိုနောက် မျှော်လင့်ခြင်း၏လက်က မျှော်လင့်စောင့်စားခြင်းနှင့် အသံဖမ်းယူရာတွင် ဘုရားသခင်အသံလွှင့်နေသည့် လေလှိုင်းကိုရှာဖွေလျက်ရှိရာ ရုတ်တရက်ဆိုသလို ဘုရားသခင်၏ အသံလွှင့်ရုံကြီးက ကြီးမားသောအသံနှင့် တန်ခိုးတို့ဖြင့် ဝင်ရောက်လာခဲ့သောကြောင့် သတင်းစကားကို ရှင်းလင်းကျယ်လောင်စွာ ကြားရတော့သည်။

သင်သည် ယုံကြည်ခြင်းနှင့် စိတ်ရှည်စွာစောင့်ဆိုင်းလျက် အာရုံစူးစိုက်မှုရှိခဲ့ပြီး စိတ်အာရုံသွေဖယ်ခြင်း မရှိခဲ့လျှင် သင်၏လုပ်ဆောင်မှုကို လှုံ့ဆော်တက်ကြွစေမည့် အံ့ဩဖွယ်ရာအကောင်းဆုံး သတင်းစကား အစွမ်းအပြည့်ဝဆုံးနှင့် စိတ်လှုပ်ရှား စရာအကောင်းဆုံး သတင်းစကားအချို့ကို သင်လက်ခံရရှိပေလိမ့်မည်။ သူ့ထံမှသင်လက်ခံရရှိသော သတင်းစကားက ယုံကြည်ခြင်း ဝမ်းမြောက်ခြင်း မျှော်လင့်ခြင်းနှင့် ချီးမွမ်းထောမနာပြုခြင်းတို့ကို သင်၌ဖြစ်စေလိမ့်မည်။ သူ၏တေးသံ၌ သင်ကခုန်ပြီး သူ၏အချက်ပြခြင်းနှင့်အညီ လှုပ်ရှားရင်း မိမိအားဖန်ဆင်းထားခဲ့သည့် ရည်ရွယ်ရင်းကို သင်သည်ပြည့်စုံလာစေရန် ဖြည့်ဆည်းနေခြင်းဖြစ်ကြောင်း သိနားလည်လာရပေမည်။